ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၇) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ အကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | INTERPOL က အကြမ်းဖက်တိုက်ခိုက်ရေးသမားများနှင့်ဆက်စပ်မှုရှိသည်ဟု သံသယရှိသူ ၃၇ ဦးကို အရှေ့အာဖရိကတွင် ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၄-၅ |
| ၃။ | အိန္ဒိယနိုင်ငံရှိပြည်နယ်အချို့တွင် ဘာသာရေးဆိုင်ရာဥပဒေများကိုအစားထိုးရန် Uniform Civil Code စတင်အကောင်အထည်ဖော်ခြင်း။ | ၆-၇ |
| ၄။ | Google Maps တွင် 'Gulf of Mexico' ကို 'Gulf of America' အဖြစ် အမည် ပြောင်းလဲခြင်း။ | ၈-၉ |
| ၅။ | Website များမှ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ဖယ်ရှားခြင်းအတွက် ဆေးဘက်ဆိုင်ရာအသိပညာပေးရေးအဖွဲ့က အမေရိကန်ကျန်းမာရေးအေဂျင်စီ များကို တရားစွဲဆိုခြင်း။ | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၇) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သည့် မြန်မာနိုင်ငံဆေးကောင်စီ၏နာယကအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ၂၀၂၅ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင်ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေကို ၂၁.၅.၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေကို နိုင်ငံတော်၏ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်မူဝါဒကို အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်၏သဘာဝနယ်မြေများထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ ဂေဟစနစ်များနှင့်ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသောတိရစ္ဆာန်များကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များယင်းတို့၏အစိတ်အပိုင်းများ၊ ယင်းတို့မှတစ်ဆင့်ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သောပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအားထိန်းချုပ်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၇) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၉(က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ္မကားတောရကြီးကျောင်းကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ်၂၃.၁.၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၅ဖြင့်သတ်မှတ်ခဲ့ပါသည်။ အကျယ်အဝန်းမှာဧရိယာ ၃၂၇ ဧကရှိပြီး ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အတွက် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါသည်။

ရှိမ္မကားတောရကြီးကျောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်သည့်နယ်မြေအတွင်း၌ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသောပစ္စည်း၊ ဓာတ်သတ္တုအညစ်အကြေးတို့ကို လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊ ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖျက်ဆီးခြင်း၊ လူတို့မွေးမြူထားသောတိရစ္ဆာန်ကို စားကျက်ချခြင်း၊ မြေတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သောအပြုအမူများ ပြုလုပ်ခြင်းစသည်တို့ကိုတားမြစ်ထားကြောင်း တွေ့ရှိရပါသည်။

ထိုအမိန့်ကြော်ငြာစာပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းတစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## INTERPOL က အကြမ်းဖက်တိုက်ခိုက်ရေးသမားများနှင့်ဆက်စပ်မှုရှိသည်ဟု သံသယရှိသူ ၃၇ ဦးကို အရှေ့အာဖရိကတွင် ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

INTERPOL နှင့် AFRIPOL တို့သည် အရှေ့အာဖရိကတွင် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးကို ၂၇-၁-၂၀၂၅ ရက်နေ့တွင် အရှေ့အာဖရိက၌ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စစ်ဆင်ရေးတွင် ISIS အဖွဲ့အစည်းများ၊ Al Shabaab အဖွဲ့အစည်းများ၊ အခြားနိုင်ငံခြားများမှ အကြမ်းဖက်တိုက်ခိုက်ရေးသမားများနှင့် ဆက်စပ်မှုရှိသည်ဟု သံသယရှိသူ ၃၇ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး အဆိုပါဖမ်းဆီးရရှိသူများနှင့်အတူ လက်နက်ငယ်နှင့်လက်နက်ကြီးများ သိမ်းဆည်းရမိခဲ့သည်ဟု ဖော်ပြထားပါသည်။

ဆိုမာလီတွင် သံသယရှိသူများအဖြစ် ဖမ်းဆီးခံရသူ ၃ ဦးသည် Al-Shabaab တွင် ပါဝင်သူများနှင့်ဗုံးထုတ်လုပ်သူများဟုသံသယရှိသူများဖြစ်ကြောင်း၊ Al-Shabaab သည် al-Qaeda ၏တွဲဖက်အဖွဲ့ဖြစ်ပြီး အဆိုပါ Al-Shabaab အဖွဲ့သည် ၂၀၁၃ ခုနှစ် ကင်ညာရှိ Westgate Mall တွင် တိုက်ခိုက်ခံရမှုအပါအဝင် အရှေ့အာဖရိက၌ အပျက်အစီးများသော တိုက်ခိုက်မှုများအတွက် တာဝန်ရှိသော အဖွဲ့အစည်းဖြစ်ကြောင်းနှင့် မဟာမိတ်ဒီမိုကရက်တစ်တပ်ဖွဲ့(ADF)၏သံသယရှိသူလေးဦးကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ(DRC)တွင် ဖမ်းဆီးရရှိခဲ့ပြီး အဆိုပါ ADF အဖွဲ့သည် ကလေးပြန်ပေးဆွဲမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပါဝင်သည့် နိုင်ငံတကာလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည့်အဖွဲ့အစည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

INTERPOL သည် INTERPOL East African Community (I-EAC) ပရောဂျက်အပါအဝင် အရှေ့အာဖရိကတွင် အခြားသောအကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများစွာကို ဆောင်ရွက်ပြီး INTERPOL နှင့် AFRIPOL အရာရှိများသည် စစ်ဆင်ရေးတွင် မဟာဗျူဟာမြောက်စုံစမ်းစစ်ဆေးမှုများနှင့် မြေပြင်မှ အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုများတွင် ပါဝင်ဆောင်ရွက်ကြောင်း ဖော်ပြထားပါသည်။

စစ်ဆင်ရေးအောင်မြင်မှုရလဒ်များနှင့်စပ်လျဉ်း၍ INTERPOL ၏ အုပ်ချုပ်မှုဒါရိုက်တာ Cyril Gout က အပြုသဘောဆောင်သောရလဒ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏စွမ်းအားကို ပြသခြင်းဖြစ်ကြောင်း၊ AFRIPOL ၏ အုပ်ချုပ်မှုဒါရိုက်တာ Jalel Chelba က စစ်ဆင်ရေးသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် INTERPOL သည် INTERPOL East African Community(I-EAC)ပရောဂျက်အပါအဝင် အရှေ့အာဖရိကတွင် အခြားသောအကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးများစွာကို လုပ်ဆောင် နေကြောင်း ဖော်ပြထားပါသည်။

INTERPOL သည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၆ နိုင်ငံနှင့်ဖွဲ့စည်းထားသော ကမ္ဘာလုံးဆိုင်ရာ ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသည့် နိုင်ငံတကာရာဇဝတ်ရဲတပ်ဖွဲ့အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း၊ အရှေ့အာဖရိကနိုင်ငံရှစ်နိုင်ငံကိုဆောင်ရွက်နေသည့် စစ်ဆင်ရေးမှုဘောင်နှင့်စပ်လျဉ်း၍ အာဖရိကသမဂ္ဂနိုင်ငံများအတွက် INTERPOL ၏ ပံ့ပိုးကူညီမှုအစီအစဉ်အောက်တွင် ဆောင်ရွက်ခဲ့ ကြောင်း၊ ISPA အစီအစဉ်သည် နိုင်ငံတကာရာဇဝတ်မှုနှင့်အကြမ်းဖက်မှုကိုတိုက်ဖျက်ရန် AFRIPOL ၏ ကြိုးပမ်းအားထုတ်မှုကို ခိုင်မာအားကောင်းစေရန်ဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/01/interpol-arrests-37-suspected-terrorist-group-members-in-east-africa/

## အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့တွင် ဘာသာရေးဆိုင်ရာဥပဒေများကို အစားထိုးရန် Uniform Civil Code စတင်အကောင်အထည်ဖော်ခြင်း

အိန္ဒိယနိုင်ငံတွင် လူနည်းစုမွတ်ဆလင်များအကြား စိုးရိမ်မှုများဖြစ်ပွားလျက်ရှိသည့် ဘာသာရေးဆိုင်ရာဥပဒေများကိုပေါင်းစည်း၍ တစ်ခုတည်းသော ဘာသာရေးဆိုင်ရာဥပဒေတစ်ရပ်အနေဖြင့် အစားထိုးရန် Uniform Civil Code (UCC)ကို စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း အိန္ဒိယပြည်နယ်တစ်ခုက ကြေညာခဲ့ပါသည်။

UCC ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အိန္ဒိယနိုင်ငံရှိ ဘာသာရေးဆိုင်ရာဥပဒေများကိုပေါင်းစည်း၍ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းကဲ့သို့သောကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးရေးအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ UCC သည် လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့်အတူ နေထိုင်ခြင်းတို့ကို မှတ်ပုံတင်သည့်ကိစ္စများနှင့်သက်ဆိုင်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့ နောက်ပိုင်းတွင် လက်ထပ်ထိမ်းမြားသူများသည် ခြောက်လအတွင်းမှတ်ပုံတင်ရမည်ဖြစ်ပြီး ထိမ်းမြားခြင်းမပြုဘဲ အတူနေထိုင်သူများသည် တစ်လအတွင်း မှတ်ပုံတင်ရန် လိုအပ်ပါသည်။

UCC သည် မူဆလင်အမျိုးသမီးများအတွက် အခြားသူများနည်းတူ တန်းတူအခွင့်အရေးဖြစ်သည့် မယားပြိုင်ယူသည့်ဓလေ့ကို အဆုံးသတ်ခြင်းဖြင့် သားသမီးများအတွက် ပစ္စည်းအမွေဆက်ခံခွင့်နှင့် တရားမတရားရုံးတွင် ကွာရှင်းခွင့်တောင်းဆိုပိုင်ခွင့်များ သတ်မှတ်ပေးထားသည့်ဥပဒေတစ်ရပ်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ UCC အရ အတူနေလိင်မတူစုံတွဲများသည် မှတ်ပုံတင်စာရင်းသွင်းရန် မဖြစ်မနေလိုအပ်ပြီး ထိုသို့ပြုလုပ်ခြင်းမရှိပါက ထောင်ဒဏ်သုံးလ သို့မဟုတ် ငွေဒဏ်ကျခံရနိုင်ကြောင်း တွေ့ရှိရပါသည်။

UCC သည် မွတ်ဆလင်ပုဂ္ဂိုလ်ရေးဆိုင်ရာဥပဒေအရ halala, iddat နှင့် talaq သုံးကြိမ်ပေးခြင်းတို့ကိုတားမြစ်ထားပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသမီးများအတွက် တန်းတူအခွင့်အရေးများရရှိစေမည်ဖြစ်ပါသည်။ထို့ပြင် UCC သည် မှတ်ပုံတင်ထားသော အတူနေစုံတွဲများကို အိမ်ထောင်ရေး

အခြေအနေနှင့် မိသားစုအဆင့်အတန်းတို့အပေါ်မူတည်၍ ခွဲခြားဆက်ဆံခံရခြင်းတို့မှ အကာအကွယ်ပေးထားပါသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ Uttarakhand ပြည်နယ်သည် ဘာသာရေးဆိုင်ရာဥပဒေများကို အစားထိုးရန်အတွက် Uniform Civil Code (UCC) ကို အကောင်အထည်ဖော်သည့် ဒုတိယမြောက် ပြည်နယ်ဖြစ်ပြီး Gao ပြည်နယ်သည် ပထမဆုံးအကောင်အထည်ဖော်သည့်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အချို့သတင်း website ဆိုက်များတွင် Uttarakhand ပြည်နယ်သည် အဆိုပါ ဥပဒေကို ပထမဆုံးအကောင်အထည်ဖော်သည့်ပြည်နယ်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ UCC သည် Uttarakhand ပြည်နယ်မှပြောင်းရွှေ့သွားသော တိုင်းရင်းသားများနှင့် လူမျိုးစုများအပေါ် အာဏာသက်ရောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

UCC သည် မည်သည့်ဂိုဏ်း သို့မဟုတ် ဘာသာရေးကိုမျှဆန့်ကျင်ခြင်းမရှိဘဲ လူ့အဖွဲ့အစည်းအတွင်းရှိ မကောင်းသောအလေ့အကျင့်များကိုဖယ်ရှားရန်အတွက် နည်းလမ်းတစ်ခုဖြစ်သော်လည်း UCC ကို အကောင်အထည်ဖော်ခြင်းသည် ပြည်နယ်အတွင်းရှိ ဥပဒေများ၊ ၎င်းတို့၏ဘာသာရေးဆိုင်ရာ ယုံကြည်မှုများနှင့်ပဋိပက္ခဖြစ်စေနိုင်သည့်အတွက် မွတ်ဆလင်အမျိုးသမီးများအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.barrons.com/news/indian-state-implements-contentious-common-civil-code-670b83db
- https://www.jurist.org/news/2025/01/india-uttarakhand-becomes-first-state-to-implement-the-uniform-civil-code/

## Google Maps တွင် 'Gulf of Mexico' ကို 'Gulf of America' အဖြစ် အမည်ပြောင်းလဲခြင်း

Google Maps တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချုပ်အခြာအာဏာအမိန့်များအရ အမေရိကန်ပြည်ထောင်စု၏အရေးပါသော အထင်ကရနေရာ ၂ ခုကို အမည်အသစ်ဖြင့် မကြာမီ ဖော်ပြသွားမည်ဖြစ်ပါသည်။ မက္ကဆီကိုပင်လယ်ကွေ့ကို အမေရိကန်ပင်လယ်ကွေ့ဟုလည်းကောင်း၊ အလက်စကာပြည်နယ်ရှိ “Denail” ဟု အမည်တွင်သောတောင်ကို Mount Mckinley ဟုလည်းကောင်း အမည်ပြောင်းလဲမည်ဖြစ်ကြောင်း Google မှ ဖော်ပြထားပါသည်။

၂၀၁၅ ခုနှစ် သမ္မတဟောင်း ဘားရက်အိုဘားမားလက်ထက်တွင် အလက်စကာပြည်နယ်ရှိ ဌာနေလူမျိုးများဖြစ်သော Athabascan လူမျိုးများ၏ တိုင်းရင်းသားဘာသာစကားဖြင့်“အမြင့်ဆုံးတောင်-Denail” ဟု တရားဝင်အမည်ပြောင်းလဲခဲ့သည့် Denail တောင်ကို ယခုအခါ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က Mount Mckinley ဟု အမည်ပြောင်းလဲခဲ့ပါသည်။ယင်းတောင်သည် မြောက်အမေရိက၏ အမြင့်ဆုံးတောင်ဖြစ်ပါသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရသည် မက္ကဆီကိုပင်လယ်ကွေ့၏အမည်ကို၂၀-၁-၂၀၂၅ ရက်နေ့တွင်လက်မှတ်ရေးထိုး၍ တရားဝင်ပြောင်းလဲခဲ့ပြီး တရားဝင်စာရွက်စာတမ်းများနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် “အမေရိကန်ပင်လယ်ကွေ့”ဆိုသည့်စကားရပ်ကိုအသုံးပြုရန် ညွှန်ကြားခဲ့ပါသည်။ ထိုသို့အမေရိကန်မှ တရားဝင်အမည်ပြောင်းလဲခဲ့မှုအပေါ် မက္ကဆီကိုသမ္မတ Claudia Sheinbaum Pardo က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပြီး မက္ကဆီကို ပင်လယ်ကွေ့သည် နှစ်ပေါင်း ၄၀၀ ကျော်ကြာမြင့်ခဲ့သည့်အမည်ဖြစ်ပြီး အမေရိကန်အနေဖြင့် အပြည်ပြည်ဆိုင်ရာရေပြင်တစ်ခုအား တစ်ဖက်သတ်အမည်ပြောင်းရန် အာဏာမရှိဟု ငြင်းဆိုခဲ့ပါသည်။

Google မှ ကမ္ဘာ့အချမ်းသာဆုံးဖြစ်သူ အီလွန်မတ်စ်ပိုင်ဆိုင်သည့် ဆိုရှယ်မီဒီယာပလက်ဖောင်း X တွင် အစိုးရ၏တရားဝင်အရင်းအမြစ်များတွင် အမည်များကို ပြောင်းလဲမှုများပြုလုပ်ပြီးပါက အမည်ပြောင်းလဲခြင်းကို ဆောင်ရွက်သည့်အစဉ်အလာရှိကြောင်း မှတ်ချက်ပြုထားပါသည်။ ပထဝီဆိုင်ရာ အမည်များ၏သတင်းအချက်အလက်စနစ်များ ပြောင်းလဲသောအခါ Google Map တွင်လည်း

တစ်ပြိုင်နက်တည်း အတည်ပြုပြောင်းလဲမည်ဖြစ်ပါသည်။ သို့ရာတွင် မက္ကဆီကိုနိုင်ငံအတွင်း၌ Google Map ကို အသုံးပြုသူများသည် Google Map တွင် မက္ကဆီကိုပင်လယ်ကွေ့ဟု မြင်တွေ့ရမည်ဖြစ်ပြီး နှစ်နိုင်ငံလုံး၏ပြင်ပမှ အသုံးပြုသူများအနေဖြင့် အမည်နှစ်မျိုးလုံးကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ပထဝီဆိုင်ရာအမည်ပြောင်းလဲမှုသည် Google Map တွင် အပြောင်းအလဲမှုအသစ်တစ်ခု မဟုတ်ပါ။ ယခင်ကလည်း ထိုသို့နယ်နိမိတ်ဆိုင်ရာ အပြောင်းအလဲမှုများရှိခဲ့ပါသည်။ ဥပမာ "ဂျပန်ပင်လယ် (အရှေ့ပင်လယ်)"နှင့် "ပါရှားပင်လယ်ကွေ့(အာရပ်ပင်လယ်ကွေ့)" ကဲ့သို့သော ရေနယ်နိမိတ်အမည်များသည် နိုင်ငံတကာ၏အမြင်အမျိုးမျိုးကို လေးစားသောအားဖြင့် အမည်နှစ်ခုဖြင့် ဖော်ပြထားခဲ့ပါသည်။ ထိုသို့သောဖြစ်ရပ်များသည် ၎င်းတို့၏ဒေသတွင်း၌ ယဉ်ကျေးမှုအရဖြစ်စေ နိုင်ငံရေးအရဖြစ်စေ ထိရှလွယ်သည့်အမည်များဖြစ်ကြောင်းကို အသုံးပြုသူ (users) များအနေဖြင့် မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://timesofindia.indiatimes.com/world/us/gulf-of-mexico-to-become-gulf-of-america-on-google-maps-in-the-us/articleshow/117615975.cms

**Website များမှ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ဖယ်ရှားခြင်းအတွက် ဆေးဘက်ဆိုင်ရာ အသိပညာပေးရေးအဖွဲ့က အမေရိကန်ကျန်းမာရေးအေဂျင်စီများကို တရားစွဲဆိုခြင်း**

အမေရိကန်ပြည်ထောင်စုရှိ အကျိုးအမြတ်မယူသော ဆေးဘက်ဆိုင်ရာအသိပညာပေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Doctors for America သည် Donald Trump လက်မှတ်ရေးထိုးခဲ့သည့် စီမံခန့်ခွဲရေးအမိန့်အရ ကျား/မအစွန်းရောက်ဝါဒ၏အစိတ်အပိုင်းဖြစ်သည်ဟု ထည့်သွင်းစဉ်းစားနိုင်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတင်းအချက်များဖယ်ရှားခြင်းသည် အန္တရာယ်ရှိကြောင်းစွပ်စွဲ၍ ဝန်ထမ်း ရေးရာစီမံခန့်ခွဲမှုရုံး (Office of Personnel Management - OPM)၊ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(Centers for Disease Control- CDC)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (Food and Drug Administration-FDA)နှင့် ကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုဌာန (Health and Human Services - HHS) အတွင်းရှိ အေဂျင်စီများကို တရားစွဲဆိုခဲ့ပါသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာခရိုင်တရားရုံးတွင်တရားစွဲခဲ့ပြီး တရားခံများသည် လူနာများကို ရောဂါရှာဖွေရန်နှင့်ကုသရန်၊ ဆေးဘက်ဆိုင်ရာစမ်းသပ်မှုများမှတစ်ဆင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အကျိုး သက်ရောက်မှုရှိသော ဆေးဝါးထုတ်ကုန်များကိုထုတ်ထောင်ရန် ရည်ရွယ်သည့် လက်တွေ့စမ်းသပ်မှု များတွင် ကျန်းမာရေးပညာရှင်များနှင့်သုတေသနပညာရှင်များမှ နေ့စဉ်အသုံးပြုသောကျန်းမာရေး ဆိုင်ရာအချက်အလက်အစုံအလင်နှင့် အခြားအချက်အလက်များကို ဖယ်ရှားခဲ့ကြောင်း အခိုင်အမာ ပြောကြားခဲ့ပါသည်။

ထိုသို့သောအချက်အလက်များကိုဖျက်ပစ်ခြင်းသည် ရောဂါဖြစ်ပွားမှုကိုစောင့်ကြည့်စစ်ဆေး သည့် သိပ္ပံဆိုင်ရာအချက်အလက်များတွင် ကွာဟချက်ဖြစ်ပေါ်စေပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် သုတေသနပညာရှင်များ၏လူနာများကို ထိထိရောက်ရောက်ကုသရန် လိုအပ်သောအချက်အလက်နှင့် အရင်းအမြစ်ရရှိမှုများကိုပိတ်ပင်ကြောင်း တရားလိုများက ပြောကြားပါသည်။ Trump ၏ စီမံခန့်ခွဲရေး၏ အမိန့်ကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါအမိန့်တွင် အသုံးပြုထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသုံးရန် ကျန်းမာရေးအေဂျင်စီများကို ညွှန်ကြားခဲ့ပါသည်။ အဆိုပါအမိန့်တွင်

အမျိုးသားနှင့်အမျိုးသမီးဟူ၍ လိင်နှစ်မျိုးကိုသာ အသိအမှတ်ပြုပြီး လိင်၏အဓိပ္ပာယ်မှာ အမျိုးသား သို့မဟုတ် အမျိုးသမီးအဖြစ် တစ်ဦးချင်း၏ မပြောင်းလဲနိုင်သော ဇီဝဗေဒဆိုင်ရာအမျိုးအစားခွဲခြားမှုကို သတ်မှတ်သည်ဟု ဖော်ပြထားချက်အရ လိင်ပြောင်းလဲ၍မရကြောင်း တွေ့ရှိရပါသည်။

ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုရုံးသည် အေဂျင်စီများမှ ကျား/မရေးရာသဘောတရားကို အားပေးသည့် သတင်းအချက်အလက်များကိုဖယ်ရှားရန် ဖော်ပြထားသည့် သမ္မတ Trump ၏ အမျိုးသမီးများကို ကာကွယ်သည့် စီမံခန့်ခွဲရေးအမိန့်နှင့်စပ်လျဉ်း၍ ကနဦး လမ်းညွှန်ချက်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကနဦးလမ်းညွှန်ချက်သည် ဥပဒေအရ ပေးအပ်ထားသောအခွင့်အာဏာထက် ကျော်လွန်သည်ဟု တရားလိုများက ပြောဆိုပါသည်။

တရားလိုများက ကျန်းမာရေးအေဂျင်စီများသည် ၁၉၉၅ ခုနှစ် စာရွက်စာတမ်းလျှော့ချရေး အက်ဥပဒေ (Paperwork Reduction Act - PRA) နှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေ (Administrative Procedure Act- APA)ကိုချိုးဖောက်ကြောင်း ကြေညာပေးရန်နှင့် Website စာမျက်နှာများတွင် နဂိုအတိုင်း ပြန်လည်ထိန်းပေးရေးအမိန့်ချမှတ်ပေးရန် တရားရုံးကို တောင်းဆိုခဲ့ပါသည်။

စီမံခန့်ခွဲရေးအမိန့်သည် ကျား/မအထောက်အထားကာကွယ်မှုများကို ဖယ်ရှားခြင်း၊ လိင်ပြောင်းသူများ၏ကျန်းမာရေးစောင့်ရှောက်မှုများကို စိန်ခေါ်ခြင်း၊ လွတ်လပ်စွာဖော်ပြခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ကိုခြိမ်းခြောက်ခြင်းတို့ရှိကြောင်းနှင့် များစွာသောလူ့အခွင့်အရေးအဖွဲ့အစည်းများသည် လူနည်းစုများကိုထောက်ခံရန်နှင့် Trump ၏ အစီအစဉ်ကိုဆန့်ကျင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.jurist.org/news/2025/02/medical-advocacy-group-sues-us-health-agencies-for-removing-information-from-websites/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၇) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

